လျှို့ဝှက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ကပက(ညွှန်ကြား)/၂၀၂၆( ၃၉၇ )

ရက်စွဲ ၊၂၀၂၆ခုနှစ်၊စက်တင်ဘာလ ၂၄ ရက်

အကြောင်းအရာ။ **၂၀၂၇-၂၀၂၈ ပညာသင်နှစ်၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အသစ်များ လျှောက်ထားရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များအား အကြောင်းကြားခြင်း**

၁။ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၊ အမှတ်စဉ်(၁၄/၂၀၂၆)၊ အစီအစဉ်(၄(ဋ္ဌ-၂၆))ဆုံးဖြတ်ချက်အရ ၂၀၂၇-၂၀၂၈ ပညာသင်နှစ်၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အသစ်များ လျှောက်ထားရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များမှာ-

**(က) ကျောင်းတည်နေရာ၊ ပတ်ဝန်းကျင်နှင့် မြေနေရာဆိုင်ရာ သတ်မှတ်ချက်များ**

(၁) အစိုးရအခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ကိုက်(၁၀၀၀)အတွင်း ပုဂ္ဂလိကကျောင်း အသစ် ထပ်မံဖွင့်လှစ်ခွင့်မပြုပါ။

(၂) ရပ်ကွက်(လမ်း)အတွင်း အစိုးရအခြေခံပညာကျောင်းရှိနေပါက ပုဂ္ဂလိကကျောင်း ထပ်ဖွင့်ခွင့် မပြုပါ။

(၃) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သည် စိမ်းလန်းသာယာပြီး သန့်ရှင်းမှုရှိရမည်။

(၄) ကျောင်းဆောင်အားလုံး ပရိဝုဏ် တစ်ခုအတွင်း တည်ရှိရမည်။

**(ခ) ကျောင်းအဆောက်အအုံဆိုင်ရာ သတ်မှတ်ချက်များ**

(၁) လူနေအိမ်၊ ဟိုတယ်၊ ဈေးဝယ်စင်တာများနှင့်တွဲလျက် ခွင့်မပြုပါ။

(၂) ဘာသာရေးအဆောက်အအုံ၊ မြေနေရာများတွင် ကျောင်းအဖြစ် ဖွင့်လှစ်ခွင့်မပြုပါ။

(၃) လူနေအိမ်ဖွဲ့စည်းမှုပုံစံဖြင့် ဆောက်လုပ်ထားသည့်အဆောက်အဦများအား ကျောင်းဖွင့်လှစ်ခွင့် မပြုပါ။

(၄) ကျောင်းရှေ့နှင့် စုဝေးကွင်းတွင် နိုင်ငံတော်အလံလွှင့်ထူရန် အလံတိုင် ထားရှိရမည်။

(၅) ကျောင်းစုဝေးကွင်း၊ အားကစားကွင်း (Playground/ Sports Area) သည် Outdoor ဖြစ်ရမည်။

(၆) ကျောင်းစုဝေးကွင်းသည် ကျောင်းသားတစ်ဦးလျှင် (၇)စတုရန်းပေနှုန်းဖြင့် ကျောင်းသားအနည်းဆုံး ၅၀ % ဝင်ဆံ့ရမည်။

လျှို့ဝှက်

CamScanner

(၇) အားကစားကွင်းသည် ကျောင်းသားတစ်ဦးလျှင် အနည်းဆုံး (၁၅)စတုရန်းပေနှုန်း ရှိရမည်ဖြစ်ပြီး ကွင်း၏ အလျားနှင့်အနံကို သက်ဆိုင်ရာ အားကစားအမျိုးအစားပေါ်မူတည်၍ သတ်မှတ်ရမည်။

(၈) ကျောင်းဥပမိရုပ် ကောင်းမွန်မှုရှိရမည်။

**(ဂ) သင်ကြားရေးနှင့် စာသင်ခန်းဆိုင်ရာ သတ်မှတ်ချက်များ**

(၁) မူလတန်းကျောင်းသားတစ်ဦးလျှင် ကြမ်းပြင်ဧရိယာ အနည်းဆုံး (၁၂) စတုရန်းပေ ရှိရမည်။ ဆရာ၊ ဆရာမ စာသင်ဧရိယာ (၇၅) စတုရန်းပေ ရှိရမည်။

(၂) မူလတန်းစာသင်ခန်းအနံ အနည်းဆုံး ၁၅ ပေ ရှိရမည်။

(၃) အလယ်တန်း၊ အထက်တန်း ကျောင်းသားတစ်ဦးလျှင် ကြမ်းပြင်ဧရိယာ အနည်းဆုံး (၁၈) စတုရန်းပေရှိရမည်။ ဆရာ၊ ဆရာမ စာသင်ဧရိယာ (၈၀) စတုရန်းပေ ရှိရမည်။

(၄) အလယ်တန်း၊ အထက်တန်း စာသင်ခန်းအနံ အနည်းဆုံး (၂၀) ပေ ရှိရမည်။

(၅) စာသင်ခန်းတစ်ခန်းလျှင် ကျောင်းသား ၄၀ ဦးထက် မပိုရပါ။ ကျောင်းသားဦးရေနှင့် စာသင်ခန်း ဧရိယာသည် ကိုက်ညီမှုရှိရမည်။

(၆) ကျောင်းအဆင့်နှင့် ကိုက်ညီသော စံကိုက် စာသင်ခန်းအရေအတွက် ရှိရမည်။

(၇) ကျောင်းသားဦးရေအရ စာသင်ခန်း လုံလောက်မှုရှိရမည်။

(၈) သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းစာသင်ခုံ/ပရိဘောဂ ပြည့်စုံမှုရှိရမည်။

(၉) စာသင်ခန်းများ အလင်းရောင် လုံလောက်မှုနှင့် လေဝင်လေထွက် ကောင်းမွန်မှု ရှိရမည်။

**(ဃ) အထောက်အကူပြု အခန်းများ၏ သတ်မှတ်ချက်များ**

(၁) ကျောင်းစုဝေးခန်းမ /ကျောင်းဘက်စုံသုံးခန်းမ (Multipurpose Hall) ရှိရမည်။

(၂) ကျောင်းသားများ လေ့ကျင့်/သုံးစွဲနိုင်မည့် ICT Room ရှိရမည်။

(၃) ကျောင်းအဆင့်နှင့် လျော်ညီသော စာကြည့်တိုက်နှင့် စာအုပ်စာပေများ ရှိရမည်။

(၄) လက်တွေ့လုပ်ဆောင်နိုင်မည့် သိပ္ပံလက်တွေ့ပစ္စည်းများ ပြည့်စုံလုံလောက်သည့် ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ Labs ခတ်ခွဲခန်းများ ရှိရမည်။

(၅) သိပ္ပံလက်တွေ့ခန်း အနံသည် အနည်းဆုံး (၂၀) ပေ ရှိရမည်။

(၆) အိမ်တွင်းမှု၊ အနုပညာ၊ ပန်းချီ၊ ဂီတ သင်ကြားရန် အခန်းများ ရှိရမည်။

(၇) ကျောင်းစီမံခန့်ခွဲမှုဆိုင်ရာ ရုံးခန်း (Admin Office) နှင့် ဆရာ၊ ဆရာမများ နားနေခန်း (Teachers' Lounge) ရှိရမည်။

**(င) ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ စံနှုန်းများ**

(၁) ကျောင်းဆင်း/တက်ချိန် ယာဉ်ကြောမပိတ်စေရန် ကျောင်းကြိုပို့ရန်(Drop-off Zone) ယာဉ်ရပ်နားရန်နေရာ ရှိရမည်။



CamScanner

(၂) ကျောင်းသန့်စင်ခန်း အချိုး ၁း၃၀ ရှိရမည်။

(၃) ကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ် နာမကျန်းမှုနှင့် ထိခိုက်ဒဏ်ရာများအတွက် ဆေးဝါးပစ္စည်းများနှင့် (First Aid Room) ရှိရမည်။

(၄) အရေးပေါ်သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး စီစဉ်ထားရှိရမည်။

(၅) ကျောင်းလုံခြုံရေးစနစ် စီစဉ်ထား ရှိရမည်။

(၆) သန့်ရှင်းသော သောက်သုံးရေ ရရှိရမည်ဖြစ်ပြီး အာဟာရပြည့်ဝ၍ သန့်ရှင်းသော အစားအသောက်များ ရရှိနိုင်သည့် မုန့်ဈေးတန်း/ကျောင်းမုန့်စားခန်း(Canteen) ရှိရမည်။

**(စ) သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ**

(၁) ကျောင်းအဆောက်အအုံအား စာသင်ကျောင်းအဖြစ် အသုံးပြုရန် ကန့်ကွက်ရန် မရှိကြောင်း စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ပါရှိရမည်။

(၂) ကျောင်းသား/သူများအတွက် အဆောင်များပါရှိပါက ကြီးကြပ်ရေးအဖွဲ့၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားသည့် အထောက်အထားနှင့် စည်ပင်သာယာရေးကော်မတီမှ ဘော်ဒါဆောင်လိုင်စင် ရှိရမည်။

(၃) မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်ပါ ရှိရမည်။

(၄) အခွန်ထမ်းဆောင်မှု အထောက်အထားနှင့် အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်ပါရှိရမည်။

**(ဆ) ပူးတွဲတင်ပြရမည့် အထောက်အထားများနှင့် ထောက်ခံစာများ**

(၁) ကျောင်းအဆောက်အအုံ ပိုင်ဆိုင်မှု အထောက်အထားများ တင်ပြရမည်။

(၂) ကျောင်းအဆောက်အအုံနှင့် ပရိဝုဏ်အခြေအနေကို Layout Plan နှင့်အတူ ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြရမည်။

(၃) ပုဂ္ဂလိကကျောင်းတည်ထောင်ခွင့် လျှောက်ထားသူများသည် စာသင်ခန်းဧရိယာ (Classroom Area)၊ ICT ၊ စာကြည့်တိုက်နှင့် သိပ္ပံလက်တွေ့ခန်းစသည့် အထောက်အကူပြုအခန်းများ ဧရိယာ(Support Facilities Area)၊ အုပ်ချုပ်ရေးနှင့် ဝန်ထမ်းဧရိယာ (Administrative & Staff Area)၊ ကျောင်းကြိုပို့ဧရိယာ (Drop-off & Parking Area)၊ အားကစားကွင်း ဧရိယာ(Playground & Sports Area)ပါဝင်မှုများအား စနစ်တကျ တွက်ချက်ထားသည့် အဆောက်အအုံ အပြင်အဆင်မြေပုံ ( Floor Plan & Site Plan) နှင့် ဧရိယာ တွက်ချက်မှု အသေးစိတ်(Area Calculation Sheet) တို့ကို လျှောက်လွှာ နှင့်အတူ ပူးတွဲ တင်ပြရမည်။



CamScanner

(၄) ကျောင်းပရိဝုဏ်၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ ကပ်လျက် (၂) အိမ်စီ၏ ကန့်ကွက်ရန် မရှိကြောင်း သဘောတူလက်မှတ်များနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံစာ ပါရှိရမည်။

(၅) ကျောင်းအဆောက်အဦများ ငလျင်ဒဏ်ခံနိုင်မှုဆိုင်ရာ စိစစ်တွက်ချက်ထားသည့် အထောက်အထားများ တင်ပြရမည်ဖြစ်ပြီး၊ PE (Civil) ၏ ထောက်ခံချက်ပါရှိရမည်။

(၆) ကျောင်းနှင့်အစိုးရကျောင်း သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အကွာအဝေးပြမြေပုံပါရှိရမည်။

၂။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။

၂၄ ၊ ၉ ၊ ၂၀၂၄

အတွင်းရေးမှူး(ကိုယ်စား)

ကျော်စွာသွင်၊ တွဲဖက်အတွင်းရေးမှူး(၂)

ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့

**ပြည်ထောင်စုနယ်မြေ နေပြည်တော်၊**

**တိုင်းဒေသကြီး/ပြည်နယ်**

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့များအားလုံး**

မိတ္တူကို-

ပြည်ထောင်စုဝန်ကြီး၏ရုံးခန်း၊ ပညာရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီးများ၏ရုံးခန်း၊ ပညာရေးဝန်ကြီးဌာန

အမြဲတမ်းအတွင်းဝန်၏ရုံးခန်း၊ ပညာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ရုံးလက်ခံ/မျှောစာ